KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ရက် / KHRG မှတ်တမ်းလွှာအမှတ် # 19-58-I2

---

# ဖာပွန် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : နယ်ခြားစောင့်တပ်တစ်ဦးမှ ရုပ်ပိုင်းဆိုင်ရာနှိပ်စက်မှုအား ဘူးသိုမြို့နယ်တွင်ကျူးလွန်ခဲ့ခြင်း ၂၀၁၉ ခုနှစ်၊ ဧပြီလ

---

*ဘူးသိုမြို့နယ် ထ--- ရပ်ကွက်တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ရက်နေ့၌ နယ်ခြားစောင့်တပ် (BGF)၏ တပ်ရင်း အမှတ် ၁၀၁၄ မှ စစ်သားတစ်ဦးသည် အသက် ၂၀ နှစ်အရွယ်ရှိ ကောလိပ်ကျောင်းသားတစ်ဦးအား ရိုက်နှက်ခဲ့ပါသည်။ သို့ဖြစ်သောကြောင့် အရိုက်ခံရသူမှာ ဦးခေါင်းတွင်ဒဏ်ရာရရှိခဲ့ပြီး ကမမောင်းရှိ ပြည်သူဆေးရုံသို့ တင်ခဲ့ပါသည်။ ဤဖြစ်ပျက်ခဲ့သည်ကို အဆိုပါအရိုက်ခံရသူသည် သက်ဆိုင်ရာအာဏာပိုင်များထံသို့တင်ပြရန် အလွန်ကြောက်ရွံ့သည်နှင့် မည်သည့်လျော်ကြေးကိုမှ မရရှိခဲ့ပါ။*

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | ရုပ်ပိုင်းဆိုင်ရာနှိပ်စက်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကမမောင်းမြို့၊ ထ--- ရပ်ကွက် |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | စောတ--- |
| **အသက်** | ၂၀ |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | မရှိ |
| **အလုပ်အကိုင်** | ကောလိပ်ကျောင်းသား |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓ |
| **နေရပ် ရွာအမည်** | ကမမောင်းမြို့၊ ထ--- ရပ်ကွက် |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| စောဖါးဂေါ် | တပ်သား | BGF တပ်ရင်း အမှတ် ၁၀၁၄ | ဒွယ်လိုးမြို့နယ်၊ လေးဖိုးထာကျေးရွာအုပ်စု ၊ BGF တပ်ရင်းအမှတ် ၁၀၁၄, တံတားဦး | BGF အမှတ် ၁၀၁၄ ဗိုလ်မှူးကြီး ဗိုလ်စောမောင်ချစ် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ဤဖြစ်ပွားခဲ့သည့် ကိစ္စအား ကျွန်တော် (ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ သတင်းမှတ်တမ်းပြုစုသူ သည်) ဒေသခံများထံမှ ကြားသိခဲ့ပြီးသည့် နောက်ပိုင်းတွင် ခံရသူ၏ မိခင်နှင့်ကိုယ်တိုင် လူတွေ့မေးမြန်းခဲ့ ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၄င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ မှုခင်းအချက်အလက်များအား ခံရသူ ၏မိခင်ဆီမှ ကိုယ်တိုင်ရရှိခဲ့ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ရက်နေ့တွင် BGF တပ်ရင်းအမှတ် ၁၀၁၄ မှ အသက် (၄၀) ဆယ် အရွယ်ရှိ စောဖါးဂေါ်သည် အသက် (၂၀) အရွယ်ရှိ ကောလိပ်ကျောင်းသားတစ်ဦးအား အရက်မူး၍ မော်တော်ဆိုင် ကယ်မောင်းသည်ဟုဆိုကာ ရိုက်နှက်ခဲ့ပါသည်။ ထိုမှုခင်းသည် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကမမောင်းမြို့၊ ထ--- ရပ်ကွက်တွင်ဖြစ်ပွားခဲ့ပါသည်။ အဆိုပါအရိုက်နှက်ခံရသည့်ကျောင်းသားသည် ယခုလက်ရှိ ဘားအံ မြို့တွင်ပညာသင်ကြားလျက်ရှိပြီး သင်္ကြန်အတွင်း ၎င်း၏မိသားစုထံသို့ပြန်လည်ခဲ့ပါသည်။<br><br>စောတ--- သည် အရိုက်ခံရပြီးသည့်နောက်ပိုင်း မျက်နှာနှင့်ခေါင်းတွင် ဒဏ်ရာရရှိခဲ့ကာ ကမမောင်းပြည် သူ့ဆေးရုံသို့တင်ပို့ ဆေးကုသမှုခံယူခဲ့ပါသည်။ ထိုကဲ့သို့ ရိုက်နှက်ခံရသဖြင့် ၎င်း၏ဦးခေါင်းအားချုပ်ခဲ့ရ |

သော်လည်း ထိုနေ့၌ပင် ဆေးရုံမှဆင်းခဲ့ပါသည်။ ၎င်း၏မိခင်မှ ထိုဆေးကုသမှု ကုန်ကျစရိတ် ၅၀၀၀ ကျပ်ခန့်အား ပေးခဲ့ရပါသည်။

ဤဖြစ်ပျက်ခဲ့သည်ကို အဆိုပါအရိုက်ခံရသူသည် သက်ဆိုင်ရာအာဏာပိုင်များထံသို့တင်ပြရန် အလွန်ကြောက်ရွံ့ခဲ့ပါသည်။ ထို့အပြင်၊ ၎င်း၏မိဘများမှာ စိတ်ပျက်ခြင်းနှင့် ဘာမျှမတတ်နိုင်ခဲ့ကြောင်း ခံစားခဲ့ရပါသည်။ ဒေါ်မ--- မှ KHRG အား ဤကဲ့သို့ပြောခဲ့ပါသည်။ *"အရိုက်ခံရပြီးဆေးရုံ တင်ခဲ့ရတဲ့ လူတွေက ဆေးကုသမှုအတွက် ပေးရတယ်လေ။ BGF တပ်သားစောဖါးဂေါ်က ကျမသားကိုရိုက်တော့ ဘယ်သူက သူ့အတွက် ဆေးကုသမှုစရိတ်ကိုပေးမှာလဲ။"*

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဤအချက်အလက်အား ခံခဲ့ရသူ၏မိခင်ကိုယ်တိုင်မှ အသုံးပြုရန် ခွင့်ပြုချက်ပေးထားပါသည်။ |